# မယ်ဒီကိတ် ရရှိနိုင်ခွင့်ပြန်လည်စိစစ်ရေး

## စောင့်ရှောက်မှုပေးသူများအတွက် အထောက်အကူဖြစ်သော လမ်းညွှန်ချက်

**အင်ဒီယားနား မယ်ဒီကိတ်၏ ရည်မှန်းချက်သည် အဖွဲ့ဝင်များကို ကျန်းမာနေစေရန် အတွက်ဖြစ်သည်။ သင်သည် စောင့်ရှောက်မှုပေးသူ တဦးဖြစ်ပြီး မိသားစုဝင်အတွက် ပြန်လည်စိစစ်ရေး အကူအညီရှာဖွေနေပါက ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်အောင် တိုက်တွန်းကူညီရန် ဤလမ်းညွှန်ချက်ကိုသုံးပါ။**



### မိသားစုဝင်၏ ပြန်လည်စိစစ်ရေးတွင် ကူညီခြင်း

သင့်မိသားစုဝင်၏ မယ်ဒီကိတ်အာမခံကြေး နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်နေသလား။ ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို သေချာစွာ နားလည်သဘောပေါက်စေရန်အတွက် သင် အသုံးပြုနိုင်သော အကြံပြုချက်သုံးခုရှိပါသည်။

**လုပ်ငန်းစဉ်ကို နားလည်သဘောပေါက်ခြင်း**
နှစ်စဉ် ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်သည် ရိုးရှင်းပြီး အွန်လိုင်းမှတဆင့် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်၊ သို့မဟုတ် စာတိုက်မှတဆင့်ဖြစ်စေ၊ ဖက်စ်ပို့ခြင်းဖြစ်စေ၊ သို့မဟုတ် ဒေသတွင်း DFR ရုံးတွင်  လိုအပ်သော စာရွက်စာတမ်းများ သွားပေးခြင်းဖြစ်စေ၊ စသည့်နည်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်နိုင်သည်။

**အချိန်မီ ဖြည့်ဆည်းဆောင်ရွက်ခြင်း**
ပြန်လည်စိစစ်ရေးသည် အကြောင်းကြားစာ လက်ခံရရှိပြီးနောက် 45 ရက်အတွင်း အပြီးဆောင်ရွက်ရမည်။

**ကူညီပံ့ပိုးမှု နှင့် လမ်းညွှန်ချက်**
မယ်ဒီကိတ်အဖွဲ့ဝင်များသည် ၎င်းတို့၏ အာမခံကြေး နှင့် အကျိုးခံစားခွင့်များကို အွန်လိုင်းမှတဆင့်  ကြည့်ရှုနိုင်ပါသည်။ **FSSAbenefits.IN.gov** ရှိ FSSA Benefits Portal တွင် ဝင်ရောက်ကြည့်ရှုခြင်းဖြင့် အကူအညီ ရယူနိုင်သည်၊ သို့မဟုတ် Indiana Division of Family Resources ကို **1-800-403-0864** တွင်ဖုန်းဆက်ခြင်းဖြင့် ထပ်ဆောင်းကူညီပံ့ပိုးမှုများ ရယူနိုင်သည်။



### ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် ဆိုသည်မှာအဘယ်နည်း။

မှီခိုမိသားစုဝင် တဦးဦး၏ကိုယ်စား ပြန်လည်စိစစ်ရေး လုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ထိုသူ၏ ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် ဖြစ်ရန်လိုအပ်ပါသည်။ Indiana Division of Family Resources (DFR) ၏ဝက်ဘ်ဆိုက်ဖြစ်သော **IN.gov/ FSSA/DFR** တွင်ကြည့်ရှုပါ၊ သို့မဟုတ် ကိုယ်စားပြုပုဂ္ဂိုလ်အဖြစ် ဆက်ဆံရေးကို သဘောတူခွင့်ပြုချက် ရရှိရန်အတွက် DFR ကို **1-800-403-0864** တွင် ဖုန်းဆက်ပါ၊ သို့မဟုတ် ဒေသတွင်း DFR ရုံးကိုရှာဖွေပါ။

## မိမိအနေနှင့် ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် မဟုတ်လျှင် ဘာဖြစ်မည်နည်း။

သင်သည် ခွင့်ပြုထားသော ကိုယ်စားပြုပုဂ္ဂိုလ် မဟုတ်ပါက အဖွဲ့ဝင်၏ပုံစံစာရွက်ကို ဖြည့်စွက်ရန်နှင့် ပြန်ပို့ရန်အတွက် ကူညီနိုင်သည်။

ပြန်လည်စိစစ်ရေးကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် မယ်ဒီကိတ်အဖွဲ့ဝင် အနေနှင့် လုပ်ဆောင်ရန်လိုအပ်သော အဆင့်များ ရှိပါသည်။

- အကြောင်းကြားစာကို စာတိုက်မှတဆင့် လက်ခံရရှိသောအခါ ယင်းစာထဲတွင် ဖော်ပြထားသည့်အတိုင်း လိုအပ်သော သတင်းအချက်အလက်များကို ရှာဖွေပါ။
- သင့်အာမခံကြေး အမျိုးအစားအတွက် တိကျသော အစီအစဉ်အချက်အလက်များကို ရယူရန်အတွက် **FSSAbenefits.IN.gov** တွင်ဖတ်ရှုပါ။
- အကျိုးခံစားခွင့်များကို စီမံခန့်ခွဲရန် ဆိုသည့် **"Manage Your Benefits"** အပိုင်းထိ ရွှေ့ကြည့်ပါ။
- သင့်အမည်စာရင်းထဲဝင်ကြည့်ပါ။ သင်၏ အမည်စာရင်း မရှိပါက စာရင်းသွင်းရန် **"Create account"** ကိုနှိပ်ပါ။ အမည်စာရင်းသွင်းရန် အကူအညီလိုအပ်ပါက **"Need Help?"** ကိုနှိပ်ပါ။
- ယင်း portal အင်တာနက်စာမျက်နှာတွင်ဖြစ်စေ၊ စာတိုက်မှတဆင့်ဖြစ်စေ၊ ဖက်စ်ပို့ခြင်းဖြစ်စေ၊ သို့မဟုတ် ဒေသတွင်း DFR ရုံးတွင် စာသွားပေးခြင်းဖြစ်စေ၊ စသည့်နည်းများဖြင့် လိုအပ်သော အပြောင်းအလဲများ နှင့် ပြင်ဆင်မွမ်းမံချက်များကို ဖြည့်စွက်တင်သွင်းပါ။





## ထပ်ဆောင်း ညှိနှိုင်းဆောင်ရွက်မှုများ

မယ်ဒီကိတ်အဖွဲ့ဝင် တဦးဦးအနေနှင့် အဆိုပါလုပ်ငန်းစဉ်ကို ဖြည့်ဆည်းဆောင်ရွက်ရန်အတွက် ထပ်ဆောင်း ညှိနှိုင်းဆောင်ရွက်မှုများကို တောင်းဆိုပါက Indiana Division of Family Resources (DFR) အနေနှင့် မေးခွန်းများကို ဖြေဆိုရန်နှင့် လမ်းညွှန်ချက်ပေးရန် ရှိပါသည်။ ဒေသတွင်း DFR ရုံးကို အွန်လိုင်းမှတဆင့် **IN.gov/fssa/dfr/ebt-hoosier-works-card/find-my-local-dfr-office** တွင်ရှာဖွေတွေ့ရှိနိုင်သည်၊ သို့မဟုတ် **1-800-403-0864** ထံဖုန်းခေါ်ဆိုခြင်းဖြင့် ရှာဖွေနိုင်သည်။